CCCM CLUSTER
SUPPORTING DISPLACED COMMUNITIES

# ကုလသမဂ္ဂ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့ တို့၏

# စခန်းညှိနှိုင်းဆောင်ရွက်ရေး နှင့် စခန်းစီမံခန့်ခွဲမှု

# အလုပ်ရုံဆွေးနွေးပွဲ

စစ်တွေဟိုတယ်၊ ရခိုင်ပြည်နယ်၊ မြန်မာ။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၁ ရက်နေ့အထိ။



## ခြုံငုံသုံးသပ်ချက်

ရခိုင်ပြည်နယ်ရှိ CCCM အဖွဲ့သည် ခရိုင်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ "လက်တွေ့အသုံးချ စခန်းညှိနှိုင်းဆောင်ရွက်ရေး - အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်ဝတ္တရားများ" အပေါ် နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေး အဆင့်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စစ်တွေနှင့် ပေါက်တော(စစ်တွေခရိုင်အုပ်ချုပ်ရေးနယ်ပယ်အတွင်းရှိ) စခန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေစဉ် ဖွဲ့စည်းပုံများကိုရှုပ်ထွေးမှုမရှိစေဘဲ စခန်းများစီမံခန့်ခွဲရာ ၄င်းတို့၏ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှု မည်ကဲ့သို့ တိုးမြှင့်လုပ်ဆောင်နိုင်စေရန် ဆွေးနွေးခဲ့ပါသည်။

ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်မှ အဖွင့်အမှာစကားကို ပြောကြားခဲ့ပြီး (အဆောက်အဦး၊ အစားအစာမဟုတ်သည့် လူသုံးပစ္စည်းများ၊ စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲရေး၊ ရေနှင့်သန့်ရှင်းရေး၊ အစားအစာ၊ ကျန်းမာရေး/အဟာရ၊ ပညာရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် အစောပိုင်းပြန်လည်ထူထောင်ရေး) အဖွဲ့များမှ ကိုယ်စားလှယ်များမှလည်း စခန်းများအတွင်း ၄င်းတို့ ကူညီပံ့ပိုးပေးနေသည့် အစီစဉ်များကို အကြမ်းဖျဉ်းတင်ပြဆွေးနွေးခဲ့ကြပါသည်။ နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရအဖွဲ့မှ ကိုယ်စားလှယ် (၁၁)ဦး၊ UN / INGO များမှ နိုင်ငံတကာဝန်ထမ်း (၉)ဦးနှင့်အတူ စုစုပေါင်း (၃၇)ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ ထိုအထဲတွင် အမျိုးသမီး (၉)ဦး ပါဝင်ခဲ့ပါသည်။

အစိုးရအဖွဲ့ကိုယ်စားလှယ်များ အနေဖြင့် ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးခဲ့ကြပြီး၊ စခန်းစီမံခန့်ခွဲမှုနှင့် တာဝန်ခံ အဖွဲ့များသည် နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲတွင် အချိန်ပြည့် တက်ရောက် ပါဝင်ခဲ့ကြပါသည်။

ပါဝင်တက်ရောက်သူများ

အစိုးရအဖွဲ့မှ ပါဝင်ခဲ့သူများမှာ:

- ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဌာန (GAD)၊ စစ်တွေ။
- လက်ထောက် ညွှန်ကြားရေးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ စစ်တွေရုံး။
- မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဌာန၊ စစ်တွေ။
- ကျန်းမာရေးမှူး၊ ကျန်းမာရေးဌာန၊ ပြည်နယ်ရုံး။
- ခရိုင်လူဝင်မှုကြီးကြပ်ရေးဌာနမှူး၊ ခရိုင်ကျန်းမာရေးဌာနမှူး၊ ခရိုင်မြေစာရင်းဌာနမှူးနှင့် ခရိုင်မီးသတ်ဌာနမှူး။
- မြို့နယ်မှူး၊ မြို့နယ်မြေစာရင်းရုံး၊ စစ်တွေ။

- အထူးစုံစမ်းစစ်ဆေးရေးဌာန၊ မြို့နယ်ရဲတက်ဖွဲ့ရုံး၊ စစ်တွေ။
- ဦးစီးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဌာန၊ စစ်တွေ။

ကုလသမဂ္ဂအဖွဲ့ဝင်များမှ ပါဝင်ခဲ့သူများမှာ:

- CCCM အဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ ရခိုင်ပြည်နယ်။
- NFI အဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ ရခိုင်ပြည်နယ်။
- အဆောက်အဦးအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ ရခိုင်ပြည်နယ်။
- ရေနှင့်သန့်ရှင်းရေးအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ ရခိုင်ပြည်နယ်။
- ကျန်းမာရေးအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ ရခိုင်ပြည်နယ်။
- အစောပိုင်း ပြန်လည်ထူထောင်ရေးအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ ရခိုင်ပြည်နယ်။
- နိုင်ငံလုံးဆိုင်ရာ ရေနှင့်သန့်ရှင်းရေးအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး။
- စားနပ်ရိက္ခာ၊ ပညာရေး၊ ကာကွယ်စောင့်ရှောက်ရေး/ကျားမအခြေပြု ခွဲခြားဆက်ဆံမှု ကဏ္ဍများမှ ကိုယ်စားလှယ် (၄)ဦး။
- စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲမှု၊ အဆောက်အဦး၊ စီမံကိန်းနှင့် သတင်းအချက်အလက် ခန့်ခွဲမှုအဖွဲ့များမှ ကိုယ်စားလှယ် (၄)ဦး။

NGO များမှ ပါဝင်ခဲ့သူများမှာ:

- စခန်းစီမံခန့်ခွဲမှု အဖွဲ့ (၂)ခုမှ ကိုယ်စားလှယ် (၇)ဦး။
- စခန်းတာဝန်ခံ အဖွဲ့ (၂)ခုမှ ကိုယ်စားလှယ် (၃)ဦး။

**တင်ပြဆွေးနွေးချက်များမှ အဓိက သတင်းအချက်အလက်များ**

*<u>အစိုးရအဖွဲ့</u>*

ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်မှ အစိုးရအဖွဲ့၏ စခန်းစီမံခန့်ခွဲမှုနှင့် စခန်းအုပ်ချုပ်မှု ဖွဲ့စည်းပုံ အမြင်ကို တင်ပြဆွေးနွေးခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဇွန်လတွင် ပြည်နယ်အစိုးရမှ CCCM လက်စွဲစာအုပ်ကို ကိုးကားပြီး စခန်းစီမံခန့်ခွဲရေး ကော်မတီများကို အမျိုးမျိုးသော အဆင့်တိုင်းတွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုအချိန်တွင် ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ(IDP)များ သည် ယာယီတဲများတွင်သာ နေထိုင်လျက် ရှိနေသေးသည်။ ခရိုင်အုပ်ချုပ်ရေးမှူး၏ ရည်ရွယ်ချက်များမှာ IDP များအား သင့်တင့်လျောက်ပတ်သော အဆောက်အဦးများ ဆောက်လုပ်ပေးရေးနှင့် ထိုသူတို့၏ လိုအပ်ချက်များကို ပံ့ပိုးပေးရန် ဖြစ်သည်။ (လက်ရှိ ကျွန်တော်တို့ သိထားကြသော) စခန်းများကို ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ဖွဲ့စည်းပုံကိုမူ အောက်ဖော်ပြပါ ဇယားတွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

| **စခန်းစီမံခန့်ခွဲမှု ကော်မတီများ** | **ခရိုင်အဆင့်** | **မြို့နယ်အဆင့်** | **စခန်းအဆင့်** |
|---|---|---|---|
| **ဥက္ကဋ္ဌ** | ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး | |
| **# အဖွဲ့ဝင်များ (ခန့်အပ်)** | ၈ | ၁၁ (စစ်တွေ)<br>၁၆ (ရသေ့တောင်)<br>၉ (ပေါက်တော) | ၁၅ (စစ်တွေ မြို့ပြနှင့် ကျေးလက်) |
| **ကော်မတီခွဲများ** | | | စားနပ်ရိက္ခာ၊ ကျန်းမာရေး၊ NFI၊ ပညာရေး၊ လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး၊ စာရင်းစစ်နှင့် အုပ်ချုပ်ရေး |
| **အရင်းအမြစ်များ** | | မြို့နယ်ဝန်ကြီးဌာန တစ်ခုစီကို စခန်းတစ်ခုအတွက် တာဝန်ပေးထားသည်။ | စခန်းတိုင်းတွင် စခန်းစီမံခန့်ခွဲရေး ကော်မတီများ အတွက် ကြိုးမဲ့ဖုန်းများကို ပေးထားသည်။ |

နောင်တွင် စခန်းစီမံခန့်ခွဲမှုနှင့် တာဝန်ခံ အဖွဲ့အစည်းများမှ ၄င်းတို့လုပ်ငန်းများ မစတင်ခင် အထွေထွေအုပ်ချုပ်ရေးဌာန အစည်းအဝေးတွင် စခန်းများကို သတ်မှတ်ပေးပြီး ပေါင်းစည်းထားခဲ့သည်။ ထို့ကြောင့် စခန်း (၁၁)ခု၊ ရွာ (၃)ရွာနှင့် စစ်တွေတွင် ရပ်ကွက် (၁)ခု ရှိလာသည်။

*စခန်းစီမံခန့်ခွဲမှုနှင့် တာဝန်ခံ အဖွဲ့အစည်းများ*

စခန်းစီမံခန့်ခွဲမှုနှင့် တာဝန်ခံ အဖွဲ့အစည်းများမှ ၄င်းတို့နေ့စဉ် လုပ်ငန်းဆောင်တာများတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုတစ်ချို့ကို တင်ပြဆွေးနွေးခဲ့ပါသည်။

၁။ စခန်းများတွင် ဝန်ဆောင်မှု(ထောက်ပံ့မှု)များကို အခကြေးငွေ ပေးဆောင်ရန်မလိုဘဲ ရရှိနိုင်ရန် သေချာစေရန်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူညီသည် မည်သည့် အဖိုးအခမှ ပေးရန်မလိုသော အထောက်အပံ့ဖြစ်သည် - အဆောက်အဦး၊ စားနပ်ရိက္ခာ၊ ကျန်းမာရေးနှင့် အစားအစာမဟုတ်သော လူသုံးပစ္စည်းများသည်လည်း အခမဲ့ပေးသော ဝန်ဆောင်မှုများ ဖြစ်ပါသည်။ သို့သော်လည်း စခန်းအတွင်းရှိ လူတစ်ချို့သည် ငွေကြေး သို့မဟုတ် ပစ္စည်း တစ်ခုခုကို တရားမဝင်နည်းလမ်းများဖြင့် ပေးဆောင်ရန် တိုက်တွန်းခံနေရသည်။ ထိုကိစ္စရပ်များကို ဖော်ထုတ်စစ်ဆေးပြီး ပပျောက်အောင် လုပ်ဆောင်ရန်မှု လွန်စွာခက်ခဲလျက်ရှိနေပြီး လုပ်ဖော်ကိုင်ဖက်များအနေဖြင့် ၄င်းကိစ္စရပ်များအတွက် အကူအညီ လိုအပ်နေပါသည်။

၂။ အစိုးရမှ ခန့်အပ်ထားသော စခန်းများအတွင်းရှိ အချို့သော စခန်းစီမံခန့်ခွဲမှု ကော်မတီဝင်များသည် စခန်းနေလူထု၏ မူလနေရပ်မှ ကိုယ်စားလှယ်များ မဟုတ်ကြပါ။ ဤအရာသည်ပင် စခန်းများသည် မတူညီသော အရပ်ဒေသမှ ရွှေ့ပြောင်းလာသူများဖြင့် ပါဝင်နေသည့် သီးခြားနေရာတစ်ခုဖြစ်သည်။ ၎င်းတွင် လက်တွေ့ကျသည့် အကျိုးသက်ရောက်မှု ရှိနေသည်။ ဥပမာအားဖြင့် စခန်းစီမံခန့်ခွဲမှု ကော်မတီဝင်များသည် စခန်းအတွင်းရှိ အုပ်စုအဖွဲ့များ၏ အကြောင်းစုံကို မသိရှိသောကြောင့် တစ်ချို့သော အထောက်အပံ့များ မရရှိဘဲ ဖြစ်နေသည်။

အဖွဲ့များနှင့် ကဏ္ဍအလိုက် ကိုယ်စားလှယ်များ

အဖွဲ့များနှင့် ကဏ္ဍအလိုက် ကိုယ်စားလှယ်များတွင် ၎င်းတို့၏ အရေးပါသည့် အကြောင်းအရာများကို တင်ပြဆွေးနွေးရန် အချိန်အနည်းငယ်စီ ရကြသည်။

- UNHCR အဆောက်အဦး ကိုယ်စားလှယ်မှ အစိုးရအဖွဲ့ (ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ မြေစာရင်းဌာန၊နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး) တို့မှ လိုအပ်သည့် အဆောက်အဦးများကို ဆောက်လုပ်နိုင်ရန် သင့်တော်သည့် စခန်းများကိုသေချာစွာ ရွေးချယ်ပေးခဲ့မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ချီးကျူးပြောဆိုခဲ့ပါသည်။ လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ ဆောက်လုပ်ထားပေးသည့် အဆောက်အဦးများတွင် မည်သူများ ဝင်ရောက်နေထိုင်နေကြသည်ကို ရှင်းလင်းစွာ သိရှိရန်ပင် ဖြစ်သည်။ အဆောက်အဦးများ ပြုပြင်ထိန်းသိမ်းရေးမှာလည်း လိုအပ်နေပြီး အဆောက်အဦးအဖွဲ့သည် ၎င်းအတွက် စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲရေးအဖွဲ့၊ စခန်းစီမံခန့်ခွဲရေး/တာဝန်ခံ အဖွဲ့အစည်းများနှင့်လည်း အတူတကွ လုပ်ဆောင်လျက်ရှိသည်။
- UNHCR အစားအစာမဟုတ်သည့် လူသုံးပစ္စည်းများ (NFI) အဖွဲ့ ကိုယ်စားလှယ်မှ နောင်အနာဂတ် ပစ္စည်းဖြန့်ဝေမှုဆိုင်ရာ သတင်းအချက်အလက်မျှဝေပေးရန် တောင်းဆိုမှုပြုလုပ်ခဲ့ပါသည်။ အလှူရှင်များမှ အိမ်သုံး/ကာယဆယ်ရေးပစ္စည်းများ ပံ့ပိုးမှုအစီအစဉ်အား လုပ်ငန်းများ မဆောင်ရွက်မှီနှင့် လုပ်ငန်း အကောင်အထည်ဖော်ပြီးချိန်များတွင် အစီအစဉ်များအား မျှဝေခြင်းဖြင့် လိုအပ်ချက်များကို တစ်ချိန်တည်းဖြည့်ဆည်းနိုင်ခြင်းနှင့် ရှုပ်ထွေးမှုများကို ဖြေရှင်းရာလည်းရောက်ပါသည်။
- UNHCR CCCM ကိုယ်စားလှယ်မှ ၎င်းတို့၏ လုပ်ငန်းနည်းဗျူဟာကို တင်ပြခဲ့ပြီး၊ အထူးသဖြင့် ပေါက်တောနှင့် မြေပုံရှိစခန်းများတွင် အဖွဲ့အစည်းများအနေဖြင့် စခန်းစီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် လုပ်ဆောင်ပေးရန် လိုအပ်နေကြောင်း ဆွေးနွေးခဲ့ပါသည်။
- စားနပ်ရိက္ခာအဖွဲ့ ကိုယ်စားလှယ် WFP မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေသော (စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊နှင့် ပေါက်တော) မြို့နယ် (၇) မြို့နယ် ရှိကြောင်း တင်ပြခဲ့ပါသည်။ ၎င်းတို့၏ စားနပ်ရိက္ခာ ထောက်ပံ့ပေးမှုအစီစဉ်တွင် CDN၊ SCI နှင့် MHA အဖွဲ့တို့မှ အကောင်အထည်ဖော်ဆောင်ရေး လုပ်ဖော်ကိုင်ဖက်

များအဖြင့် လုပ်ဆောင်နေကြောင်းနှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ (၅)နှစ်အောက်ကလေးများအတွက် ဖြည့်စွက်စာများ ထောက်ပံ့နေကြောင်း တင်ပြခဲ့ပါသည်။ စခန်းများတွင် အဓိက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ အစိုးရအဖွဲ့မှ ခန့်အပ်ထားသည့် ရိက္ခာဖြန့်ဝေရေး ကော်မတီခွဲများအနေဖြင့် လုပ်ငန်းအထောင်အထည်ဖော်ရာတွင် အားနည်းချက်များ ရှိနေကြောင်း ဖော်ပြခဲ့ပါသည်။

- ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ကိုယ်စားလှယ် UNFPA မှ ၎င်းတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး လုပ်ဖော်ကိုင်ဖက် အပြည်ပြည်ဆိုင်ရာ အကူညီပေးရေးအဖွဲ့ (IRC)နှင့်အတူ အမျိုးသမီးများအတွက် လုပ်ဆောင်ချက်များနှင့် သင်တန်းများ ပံ့ပိုးပေးနေမှု လုပ်ငန်းစဉ်များကို အကျဉ်းချုပ် တင်ပြခဲ့ပါသည်။
- ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် WHO မှ ကာကွယ်နိုင်သည့် ရောဂါများနှင့် ကူးစက်နိုင်သည့် ရောဂါများကို အဓိကထား၍ ပြည်နယ်ကျန်းမာရေးဌာနနှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။
- ရေနှင့်သန့်ရှင်းရေးအဖွဲ့ ကိုယ်စားလှယ် UNICEF မှ ၎င်းတို့၏ လုပ်ငန်းနည်းဗျူဟာ ရည်ရွယ်ချက် (၅)ခုအား ဖော်ပြဆွေးနွေးခဲ့ပါသည်။
    - လုံလောက်သည့် ရေပမာဏနှင့် သန့်စင်သည့်ရေကို ပံ့ပိုးပေးရန် (သောက်ရေနှင့် သုံးရေ)
    - ပတ်ဝန်းကျင် သန့်ရှင်းရေးကို အဓိကထားလုပ်ဆောင်ရန် (အမှိုက်များစွန့်ပစ်ခြင်း နှင့် ရေမြောင်းစနစ်)
    - တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် အသိပညာများ ပေးရန်
    - ကျား၊မ၊ မသန်စွမ်းနှင့် အသက်အရွယ်အလိုက် ဖြစ်လေ့ရှိသည့် သီးခြားပြဿနာများကို ထည့်သွင်းစဉ်းစားနိုင်ရန်
    - (ရေနှင့်သန့်ရှင်းရေး)အတွက် ပံ့ပိုးပေးထားသည့် အဆောက်အဦးများကို ပြုပြင်ထိန်းသိမ်းရန်
- အစောပိုင်းပြန်လည်ထူထောင်ရေးအဖွဲ့ ကိုယ်စားလှယ် UNDP မှ "အစောပိုင်းပြည်လည်ထူထောင်ရေး" တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် လုပ်ငန်းအမျိုးအစားများနှင့် ထိုကဲ့သို့သော လုပ်ငန်းများ စခန်းများတွင် ရှိနှင့်ပြီးဖြစ်ပါက သတင်းအချက်အလက်များ မျှဝေပေးရန် အခြားသောအဖွဲ့များအား လိုအပ်သည့် အကူညီများကို တောင်းခံ တင်ပြခဲ့ပါသည်။

## အမေးအဖြေကဏ္ဍ

ဆွေးနွေးပွဲတွင် စိတ်ဝင်ဖွယ်ကောင်းသည့် အမေးအဖြေကဏ္ဍ ပြုလုပ်ခဲ့ပါသည်။ အဓိကပြဿနာများအနေဖြင့် စားနပ်ရိက္ခာဖြန့်ဝေမှုကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လူဦးရေစာရင်း ကောက်ယူခြင်းတို့ ဖြစ်ပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးမှ လူဦးရေစာရင်း ကောက်ယူခြင်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့များ နှစ်ဖွဲ့မှ ကောက်ယူနေခြင်းကြောင့် ကွဲပြားမှုများ ဖြစ်ပေါ်စေသည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း ရှင်းလင်းပြခဲ့ပါသည်။ လစဉ် သတင်းအချက်အလက်များ ကောက်ယူရန်အတွက် အစိုးရနှင့် အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်ရန် ခရိုင်အုပ်ချုပ်ရေးမှူးမှ အကြံပြုခဲ့ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး၏ နောက်ဆုံးဆွေးနွေးချက်**

ခရိုင်အုပ်ချုပ်ရေးမှူးသည် အခြားသော အစည်းအဝေးတစ်ခုသို့ တက်ရောက်ရန် ရှိနေသောကြောင့် ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲအပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်များမှ အဓိက အချက်အလက်များကို ဒုတိယနေ့တွင် အဖွဲ့လိုက်ဆွေးနွေးခဲ့ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး၏ မှတ်ချက်စကားများထဲတွင် အစိုးရနှင့် အဖွဲ့အစည်းများသည် အတူတကွ ပိုမိုပူးပေါင်းလုပ်ဆောင်မှုပုံစံကို ယခင်ကထက် ပိုမိုလုပ်ဆောင်သွားရန် ထပ်မံတိုက်တွန်းခဲ့ပါသည်။ သို့မှသာ IDP များအတွက် ရေရှည်လုပ်ငန်းများတွင် အကျိုးရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် မီးခိုးမှုများကိုရှောင်ရှားနိုင်ရန် IDP များအနေဖြင့် မိမိတို့ကိုယ်တိုင် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ပိုမိုယူကြရန်နှင့် ၎င်းတို့ပိုင်ဆိုင်သော လူမှုအဖွဲ့အစည်းတည်ဆောက်ရာတွင် ပါဝင်ကြရန်လည်း အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးမှ အကူညီပေးနေသော အဖွဲ့များအနေဖြင့် သင့်လျော်သည့် အကူညီများကို ပံ့ပိုးပေးနိုင်ရန် တစ်ချို့သော IDP များကို ရွေးချယ်ပြီး (ဥပမာအားဖြင့် - လူထုကျန်းမာရေး လုပ်သားများ၊ အရံသားဖွားဆရာမများ စသည့်) သင်တန်းများပေးရန်ကိုလည်း ပြောကြားခဲ့ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူးမှ လက်ရှိတွေ့ကြုံနေရသည့် ပြဿနာများကို အတူတကွပူးပေါင်း ဖြေရှင်းရန် လူသာချင်းစာနာထောက်ထားမှု အဖွဲ့များမှ အကူအညီပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့အစည်းများအနေဖြင့် "နိုင်ငံတကာအတွေ့အကြုံများ"ကို ရခိုင်ပြည်နယ်တွင် မျှဝေစေလိုကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

အဖွဲ့လိုက်လုပ်ဆောင်မှု - ပထမနေ့

နေ့လည်ပိုင်း နောက်ဆုံးအချိန်များတွင် အဖွဲ့လိုက်လုပ်ဆောင်မှုများ ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူများမှ စခန်းများအတွင်းရှိ ပြဿနာများကို စဉ်းစားဆွေးနွေးခဲ့သည်။ ဖော်ထုတ်ဆွေးနွေးခဲ့သော အခက်အခဲများကို အောက်တွင် ဖော်ပြထားပါသည်။ ၄င်းတို့မှာ -

<u>မြေပုံ</u>

- ဒေသခံ ရခိုင်လူထု အမျိုးသမီးကွန်ယက်အဖွဲ့မှ ဆန့်ကျင်ဟန့်တားမှု
- သယ်ယူပို့ဆောင်ရေး ခက်ခဲမှု(စခန်းသို့)
- မိခင်များနှင့်သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေး (ပြင်းထန်သည့် နာမကျန်းဖြစ်မှုနှင့် မွေးလူနာ လွှဲပြောင်းခြင်း)

<u>ပေါက်တော</u>

- ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပြဿနာများ (ခရီးဝေးခြင်း)
- ကျန်းမာရေးကိစ္စနှင့် လွှဲပြောင်းလူနာစနစ်များအတွက် အဆင့်ဆင့် ပြုလုပ်ရခြင်း (အရေးပေါ်အခြေအနေအတွက်)
- ပေါက်တော၊ မြေပုံနှင့် မင်းပြားရှိ IDP များ အပြောင်းအရွှေ့များခြင်း

<u>မော်တိန်ညာ၊ သက္ကေပြင်၊ ဆတ်ရိုးကျ</u>

- မော်တိန်ညာတွင် အစိုးရမှ ခန့်အပ်ထားသည့် စခန်းစီမံခန့်ခွဲရေး ကော်မတီ နှစ်ဖွဲ့ရှိနေခြင်း (၄င်းတို့၏ တာဝန်ဝတ္တရားများအတွက် မရှင်းလင်းခြင်းနှင့် ရှုပ်ထွေးနေခြင်း)
- IDP များကို ခွဲခြမ်းစိပ်ဖြာခြင်း (မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိရန် ခက်ခဲနေခြင်း)

<u>စက်ရုံစု (၁)၊ (၂) နှင့် သဲချောင်း</u>

- စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲမှု လုပ်ဆောင်မှုများ မရှိသေးခြင်း
- ကလေးများအတွက် ပညာရေး (ကျောင်းများသည် စခန်းမှ ဝေးကွာလွန်းခြင်း)

<u>ဒါးပိုင်၊ ဆေးသမားကြီး</u>

- ဝန်ဆောင်မှုများကို အဖိုးအခ ပေးဆောင်ရန်မလိုဘဲ အပြည့်အဝ ခံစားခွင့် ရရှိနိုင်ရန်
- လုံခြုံရေး

ဖော်ပြပါ အခက်အခဲများကို အစိုးရအဖွဲ့ဝင်များနှင့် အခြားကဏ္ဍ/အဖွဲ့ ကိုယ်စားလှယ်များနှင့် စခန်းစီမံခန့်ခွဲမှုနှင့် တာဝန်ခံ အဖွဲ့အစည်းများအနေဖြင့် ရှေ့ဆက် လုပ်ဆောင်မည့် စခန်းအတွင်းရှိ လုပ်ဆောင်မှုများတွင် ထည့်သွင်း စဉ်းစားနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲအတွင်း ဝေမျှဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။

CCCM CLUSTER
SUPPORTING DISPLACED COMMUNITIES

## ဒုတိယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များ

ခရိုင်အုပ်ချုပ်ရေးမှ ဆွေးနွေးတင်ပြခဲ့သည့် ၂၀၁၄ ခုနှစ်၊ ဖွန်လ (၁၀)ရက်နေ့ အဓိက အကြောင်းအရာများနှင့် ၂၀၁၄ ခုနှစ်၊ ဖွန်လ ၁၁ ရက်နေ့ (၁၁)ရက်နေ့ တက်ရောက်ပါဝင်သူများမှ ဖော်ထုတ်ခဲ့သည့် ဖြစ်နိုင်ခြေရှိ ဖြေရှင်းချက်/အဖြေများ။

| စဉ် | အဓိကအကြောင်းအရာများ / စိန်ခေါ်မှုများ | ဖြေရှင်းချက်/အဖြေများ |
|---|---|---|
| ၁။ | လွန်ခဲ့သော (၂)နှစ်အကြာတွင် ရခိုင်အစိုးရမှ ပဋိပက္ခအခြေအနေကို တုန့်ပြန်ဖြေရှင်းနိုင်ရန် စနစ်တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ၎င်းကို ထိုအချိန်တွင် UN/INGO တို့မှ လာရောက်ပြီး ပူးပေါင်းမှု မရှိသလို လိုက်နာမှုလည်း မရှိခဲ့ပါ။ | ✓ အစိုးရအာဏာပိုင်များနှင့် UN/INGO များ နှစ်ဖက်ပူးပေါင်း၍ အပြန်အလှန် လက်တွဲ လုပ်ဆောင်ရန်။<br>✓ စခန်းစီမံခန့်ခွဲရေး ကော်မတီများသည် စခန်းအတွင်းရှိ လူများအားလုံးကို ကိုယ်စားပြုသင့်သည်။<br>✓ အစိုးရအဖွဲ့နှင့် ဆွေးနွေးပြောဆိုမှုကို ပိုမိုလုပ်ဆောင်ရန်။ |
| ၂။ | ယခု အလုပ်ရုံဆွေးနွေးပွဲသည် အစိုးရအဖွဲ့အစည်း၊ UN နှင့် INGO များ အတူလက်တွဲလုပ်ဆောင်ရန် နောက်ထပ် ခြေလှမ်းတစ်ခု ဖြစ်သည်။ | ✓ အစိုးရအဖွဲ့နှင့် ဆွေးနွေးမှုများ ပိုမိုလိုအပ်သည်။ |
| ၃။ | အစိုးရအဖွဲ့နှင့် UN အဖွဲ့အစည်းများ လူဦးရေစာရင်းများ ကောက်ယူရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။ | ✓ သတင်းအချက်လက်များသည် ယုံကြည်အားထားရသော စံနှုန်းပုံစံအတိုင်း ဖြစ်ရမည်။<br>✓ လူထု ပူးပေါင်းပါဝင်မှု။<br>✓ အစိုးရနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် နားလည်မှု လိုအပ်သည်။<br>✓ အစိုးရနှင့် ဒေသခံလူထုအကြား ကောင်းမွန်သော ဆက်ဆံမှု လိုအပ်သည်။ |
| ၄။ | UN၊ (I)NGOs နှင့် အစိုးရအကြား ပွင့်လင်းမြင်သာမှုကို ကျွန်ုပ်တို့ အဖက်ဖက် မှ လိုအပ်သည်။ | ✓ အားပေးထောက်ခံမှု / စည်းရုံးမှု နည်းစနစ်များကို တိုးမြှင့်ရန်။<br>✓ အားပေးထောက်ခံမှု / ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးများ ပိုမိုလုပ်ဆောင်ပြီး ရှင်းလင်းပြတ်သားသည့် ဆုံးဖြတ်ချက်များ ချမှတ်ရန်။<br>✓ အစည်းအဝေးဆုံးဖြတ်ချက်များကို |

CCCM CLUSTER
SUPPORTING DISPLACED COMMUNITIES

| | | |
|---|---|---|
| | | လိုက်လံစစ်ဆေး မှုများ ပုံမှန်ပြုလုပ်ရန်လည်း လိုအပ်သည်။ |
| ၅။ | လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေး အကူအညီများ ရေရှည်တည်တံ့ ခိုင်မြဲရန် လိုအပ်သည်။ | ✓ တာရှည်ခံသည့် ဖြေရှင်းချက်/အဖြေများ<br>✓ နေရပ်သို့ ပြန်ခြင်း / နေရာပြောင်းရွှေ့ခြင်း<br>○ သင်တန်းများ<br>○ အသက်မွေးဝမ်းကြောင်း အလုပ်ကိုင်များ ဖန်တီးခြင်း<br>○ အစီစဉ်ရေးဆွဲခြင်း |
| ၆။ | INGOs နှင့် UN အဖွဲ့အစည်းများ အနေဖြင့် ဆရာ/မများနှင့် အရံသားဖွားဆရာမများ အဖြစ် လေ့ကျင့်ပေးနိုင်သည့် IDPs များကို ဖော်ထုတ်သင့်သည်။ | ✓ အစိုးရအဖွဲ့နှင့် ပူးပေါင်းရန်နှင့် အစိုးရအဖွဲ့၏ ဝန်ဆောင်ပေးမှုများကို ကူညီပံ့ပိုးပေးရန်။ |
| ၇။ | IDP များသည် ကိုယ့်အားကိုယ် ကိုးသင့်သည်။ ဥပမာ - ကုသမှု မခံယူမီ ကာကွယ်တားဆီးမှု၊ ဆရာဝန်များနှင့် တွေ့ဆုံးခြင်းကို လျှော့ချရန် တစ်ကိုယ်ရေ သန့်ရှင်းရေးကို ပိုမိုလုပ်ဆောင်ရန်။ | ✓ 'အမူအကျင့် ပြောင်းလဲမှုဆိုင်ရာ ဆက်သွယ်ရေး' (BCC) ကို ဦးစားပေး လုပ်ဆောင်ရန်။<br>✓ ဘာသာရေး/လူထုခေါင်းဆောင်များကို စည်းရုံးရန်/အားပေးထောက်ခံရန်။<br>✓ တစ်ကိုယ်ရေ သန့်ရှင်းမှု လက်တွေ့ လုပ်ဆောင်ခြင်းများကို တိုးမြှင့်လုပ်ဆောင်ရန်။<br>✓ တစ်ကိုယ်ရေသန့်ရှင်းမှု လုပ်တွေ့လုပ်ဆောင်ခြင်းများကို စစ်ဆေးခြင်း လုပ်ငန်းများ လုပ်ဆောင်ရန်။ |
| ၈။ | IDP နှင့် ဒေသခံလူထုများကို ကျွန်ုပ်တို့ ခွဲခြားဖော်ထုတ်ရန် လိုအပ်သည်။ | ✓ IDPs နှင့် ဒေသခံလူထုများတွင် မတူညီသော လိုအပ်ချက်များ ရှိနေသည်။<br>✓ ဒေသခံလူထုအတွက် အထောက်အပံ့ အကူအညီများ။<br>✓ စောင်ဖြန့်ဝေခြင်းကို ရပ်တန့်ရန် (သို့သော် မည်သည့် အရာကို အစားထိုးနိုင်မည်နည်း?)<br>✓ IDP ဆိုသည်မှာ မည်သူ/မည်သို့ ဖြစ်သည်ကို ခွဲခြားဆုံးဖြတ်နိုင်ရန် တရားဝင် စံနှုန်း သတ်မှတ်ချက် လိုအပ်သည်။ (၄င်းကို မည်သူ ပေးနိုင်မည်နည်း?) |
| ၉။ | ရခိုင်နှင့် မွတ်စလင် လူထု နှစ်ရပ်လုံး | ✓ အစိုးရအဖွဲ့အနေဖြင့် ၄င်းပြဿနာရပ်များ |

| | | |
|---|---|---|
| | အတွက် ရေရှည် စီမံကိန်း အစီအစဉ်များ လိုအပ်သည်။ | အတွက် ကိုင်တွယ်ဖြေရှင်းရန်နှင့် ရေရှည် အစီအစဉ်များ ချမှတ်ရန် လိုအပ်သည်။<br>✓ အစိုးရနှင့် UN/INGOs များအကြား ပူးပေါင်း ဆောင်ရွက်မှုများ လိုအပ်သည်။ |
| ၁၀။ | အစိုးရအဖွဲ့အနေဖြင့် စခန်းစီမံခန့်ခွဲခြင်းနှင့် စခန်းအုပ်ချုပ်ရေး နှစ်ခုစလုံးကို လုပ်ဆောင်နေသော်လည်း စခန်းပေါင်းစပ်ညှိနှိုင်းရေးမှု မလုပ်ဆောင်ပါ။ | ✓ အစိုးရအဖွဲ့နှင့် ဆွေးနွေးတိုင်ပင်မှု ပိုမိုလိုအပ် သည်။<br>✓ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန် ဝတ္တရားများကို လွယ်ကူနားလည်နိုင်ရန် ရှင်းလင်းပြရန် လိုအပ်သည်။ |
| | အဓိကအကြောင်းအရာ/ဖော်ပြချက် | |
| | ကဏ္ဍမျိုးစုံအတွက် ကျွန်ုပ်တို့၏ အကူညီများသည် မပြည့်စုံခဲ့ပါ။ သို့သော်လည်း ကျွန်ုပ်တို့ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့သည်ဟု ပြောနိုင်ပါသည်။ | |



++++++++00000000 END 00000000++++++++

**ပူးတွဲဖော်ပြချက် - ဖိတ်ကြားခြင်းနှင့် အခမ်းအနား အစီစဉ်**

**စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM) အလုပ်ရုံဆွေးနွေးပွဲ**

**၂၀၁၄ ခုနှစ်၊ ဖွန်လ (၁၀ ရက်နှင့် ၁၁ ရက်)။**

**အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်။**

စစ်တွေတွင် ပြုလုပ်မည့် စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM) အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်များမှာ CCCM ၏ ပန်းတိုင်ကို အများသိရှိ နားလည်စေရန်နှင့် CCCM တွင် ပါဝင်လုပ် ဆောင်နေကြသော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်ဝတ္တရားများကို သိရှိနားလည်စေရန်။ အထူးသဖြင့် -

၁။ ယခင်နှစ်က ပြုလုပ်ခဲ့သည့် သင်တန်းကို ထပ်မံဖြည့်စွက်၍ စခန်းညှိနှိုင်း ဆောင်ရွက်ရေး၊ စခန်းစီမံခန့်ခွဲရေးနှင့် ဆက်စပ်နေမှုများကို ဆွေးနွေးပြီး ကျွန်ုပ်တို့ သိရှိနားလည်ထားကြသော အကြောင်းအရာများကို မျှဝေရန်၊

၂။ နိုင်ငံတော် အာဏာပိုင်များ၊ စခန်းစီမံခန့်ခွဲရေး အဖွဲ့များနှင့် CCCM အဖွဲ့ဦးဆောင်သူတို့၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်ဝတ္တရားများကို ပိုမိုသိရှိ နားလည်မှုရှိလာစေရန်၊

၃။ စခန်းစီမံခန့်ခွဲမှုလုပ်ငန်းတွင် အခြားအဖွဲ့များ၏ အခန်းကဏ္ဍကို အသိ အမှတ်ပြုရန်၊

**အလုပ်ရုံဆွေးနွေးပွဲကာလ ။** ။ ၂ ရက်။

**ရက်စွဲ ။** ။ ၂၀၁၄ ခုနှစ်၊ ဖွန်လ ၁၀ ရက် (အင်္ဂါနေ့) - ၁၁ ရက် (ဗုဒ္ဓဟူးနေ့)။

**အချိန် ။** ။ နံနက် (၉) နာရီမှ ညနေ (၄) နာရီ အထိ။

**နေရာ ။** ။ စစ်တွေဟိုတယ်။ (နေ့လည်စာနှင့် လက်ဖက်ရည် ၂-ကြိမ် ပါဝင်မည်)

**ပါဝင်တက်ရောက်မည့်သူများ**

အစိုးရအဖွဲ့ (ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး အပါအဝင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ် အစိုးရ စခန်းစီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စသည်ဖြင့်...)၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာ ၊ အဆောက်အဦး၊ အစားအစာနှင့် အာဟာရ၊ ကျန်းမာရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အစောဆုံး ပြန်လည်ထူထောင်ရေး အဖွဲ့များမှ ညှိနှိုင်းရေးမှူးများနှင့် အခြားအဖွဲ့ဝင်များ၊ စခန်းစီမံခန့်ခွဲရေးအဖွဲ့များ(DRC, LWF, RI, SCI)နှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ဒေသခံ NGO ဝန်ထမ်းများပါဝင်သော အခြားသော ပူးတွဲ အကောင်အထည်ဖော်သည့် အဖွဲ့များ။

**ပထမနေ့** ။ ။ အစိုးရ ဌာနဆိုင်ရာများနှင့် Cluster များမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခြင်း။

**ဒုတိယနေ့** ။ ။ CCCM အဖွဲ့များနှင့် ဝန်ထမ်းများအတွက် ရက်တို အလုပ်ရုံဆွေးနွေးပွဲ၊ ပထမနေ့ အစိုးရဌာနဆိုင်ရာများနှင့် ဆွေးနွေးချက်များမှ ရလာဒ်များကို ထပ်မံရှင်းလင်း ပြောကြားခြင်း။

**ပြုလုပ်မည့်ပုံစံ** ။ ။ မျက်နှာစုံညီ ဆွေးနွေးခြင်း (ဆွေးနွေးခြင်းများနှင့် အစီရင်ခံ တင်ပြခြင်းများ အပါအဝင်)၊ အဖွဲ့လိုက်လုပ်ဆောင်ချက်များ။

**အသုံးပြုမည့် ဘာသာစကား။** မြန်မာ၊ အင်္ဂလိပ် ...... (ဘာသာပြန်မည့်သူများ လိုအပ်သည်။)

CCCM CLUSTER
SUPPORTING DISPLACED COMMUNITIES

**ပထမရက်။ ဖွန်လ ၁၀ ရက် (အင်္ဂါနေ့)၊ အစိုးရဌာနဆိုင်ရာများနှင့် Cluster များ**

| အချိန် | လုပ်ဆောင်ချက် | ဦးဆောင်မည့်သူ | ပြုလုပ်မည့် ပုံစံ |
|---|---|---|---|
| ၈း၃၀ – ၉း၀၀ | ဆိုက်ရောက်ခြင်းနှင့် စာရင်းသွင်း ခြင်း | | |
| ၉း၀၀ – ၉း၀၅ | မိတ်ဆက်ခြင်း | CCCM/ NFI Coordinator Olivia | မျက်နှာစုံညီ (+ ဘာသာပြန်မည့်သူ) |
| ၉း၀၅ - ၉း၁၅ | ကြိုဆိုခြင်းနှင့် အဖွင့် အမှာစကား ပြောကြားခြင်း | အစိုးရဌာန - ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး၊ ဦးနေထွန်းအောင် | မျက်နှာစုံညီ (+ ဘာသာပြန်မည့်သူ) |
| ၉း၁၅ – ၉း၄၅ | ပါဝင်တက်ရောက်သူများမှ မိတ်ဆက်ခြင်း | တစ်ဦးချင်းအလိုက် | မျက်နှာစုံညီ (+ ဘာသာပြန်မည့်သူ) |
| ၉း၄၅ – ၁၀း၀၀ | စခန်းတစ်ခုကို ကိုင်တွယ် ရာတွင် အဓိကလုပ်ဆောင် သူ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်ဝတ္တရားများကို မိတ်ဆက်ပေးခြင်း | CCCM Coordinator - Astrid | မျက်နှာစုံညီ (+ ဘာသာပြန်မည့်သူ) CA, CC နှင့် CM တို့၏ အခန်း ကဏ္ဍများနှင့် လုပ်ငန်း တာဝန်ဝတ္တရားများ ပါဝင်သော စာစောင်များ |
| ၁၀း၀၀–၁၀း၁၅ | ခေတ္တအနားယူချိန် | | |
| ၁၀း၁၅- ၁၁း၀၀ | စခန်းစီမံခန့်ခွဲမှု နှင့် အခန်းကဏ္ဍများနှင့် လုပ်ငန်း တာဝန်ဝတ္တရားများ အစိုးရဌာန၏ ရှုထောင့်အမြင် | ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး - ဦးနေထွန်းအောင် | မျက်နှာစုံညီ (+ ဘာသာပြန်မည့်သူ) |
| ၁၁း၀၀- ၁၁း၁၅ | ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးအား မေးခွန်းများ မေးမြန်းခြင်း | ပံ့ပိုးမည့်သူ - Olivia | |
| ၁၁း၁၅- ၁၁း၄၅ | လက်တွေ့အသုံးချ စခန်း စီမံခန့်ခွဲမှု | စခန်းစီမံခန့်ခွဲမှုနှင့် တာဝန်ခံ အဖွဲ့များ<br>ပံ့ပိုးမည့်သူ - Astrid | အဖွဲ့(၄)ဖွဲ့ မှ ၅ မိနစ်မှ ၁၀ မိနစ် အတွင်း တင်ပြရန် |
| ၁၁း၄၅- ၁၂း၁၅ | Cluster နည်းဗျူဟာများနှင့် ၎င်းတို့၏ စခန်းအတွင်း အခန်း ကဏ္ဍများ (၁) | CCCM၊ NFI ၊ အဆောက်အဦး၊ ကာကွယ်စောင့်ရှောက်ရေး<br>ပံ့ပိုးမည့်သူ - Olivia | အကန့်အသတ်ဖြင့် အဖွဲ့(၄)ဖွဲ့ မှ ၅ မိနစ်မှ ၁၀ မိနစ် အတွင်း တင်ပြရန် ဆွေးနွေးရန် |
| ၁၂း၁၅ - ၁း၀၀ | နေ့လည်စာ သုံးဆောင်ခြင်း | | |
| ၁း၀၀ - ၂း၀၀ | Cluster နည်းဗျူဟာများနှင့် ၎င်းတို့၏ စခန်းအတွင်း အခန်း ကဏ္ဍများ (၂) | ရေနှင့် သန့်ရှင်းရေး၊ စားနပ်ရိက္ခာ၊ ကျန်းမာရေး၊ အာဟာရ၊ အစေ ပိုင်း ပြန်လည် ထူထောင်ရေး<br>ပံ့ပိုးမည့်သူ - Astrid | အကန့်အသတ်ဖြင့် အဖွဲ့(၅)ဖွဲ့ မှ ၅ မိနစ်မှ ၁၀ မိနစ် အတွင်း တင်ပြရန် ဆွေးနွေးရန် |
| ၂း၀၀ - ၃း၀၀ | စခန်းများအတွင်း အလုပ် လုပ်ကိုင်ရာတွင် ကြုံတွေ့ရ သည့် အခက်အခဲများ | ပံ့ပိုးမည့်သူ - Olivia | အဖွဲ့လိုက် လုပ်ဆောင်ခြင်း (၆ ဖွဲ့) နှင့် တင်ပြခြင်းများ |
| ၃း၀၀ - ၃း၁၅ | ခေတ္တအနားယူချိန် | | |
| ၃း၁၅- ၄း၀၀ | အစိုးရဌာနနှင့် CCCM မှ အပိတ် နှုတ်ဆက်စကား ပြောကြားခြင်း | | |

# ဒုတိယရက်။ ဖွန်လ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)၊ CCCM Cluster အစည်းအဝေး ဆက်လက်ပြုလုပ်ခြင်း

| အချိန် | လုပ်ဆောင်ချက် | ဦးဆောင်မည့်သူ | ပြုလုပ်မည့် ပုံစံ |
|---|---|---|---|
| ၈း၃၀ – ၉း၀၀ | ဆိုက်ရောက်ခြင်းနှင့် စာရင်းသွင်းခြင်း | | |
| ၉း၀၀ – ၉း၁၅ | ပထမနေ့ အစီအစဉ်ကို သုံးသပ်ခြင်း၊ အစိုးရဌာနနှင့် Cluster ခေါင်းဆောင်များ ပထမရက်တွင် ဆွေးနွေးချက်များမှ ထွက်ပေါ်လာသော အဓိကရလဒ်များနှင့် သတင်းအချက်အလက်များကို ပြန်လည်ဝေမျှခြင်း | CCCM Coordinator – Astrid | မျက်နှာစုံညီ / Power Point ဖြင့် တင်ပြခြင်း။ |
| ၉း၁၅– ၁၀း၄၅ | ဆွေးနွေးခြင်း၊ ပထမရက်တွင် ဆွေးနွေးချက်များမှ ထွက်ပေါ်လာသော အဓိကရလဒ်များနှင့် သတင်းအချက်အလက်များနှင့် ဆက်စပ်နေသော စိန်ခေါ်မှုများကို ခွဲခြမ်းစိပ်ဖြာခြင်း | CCCM Coordinators – Astrid & Olivia | မျက်နှာစုံညီ |
| ၉း၄၅–၁၀း၀၀ | ခေတ္တအနားယူချိန် | | |
| ၁၀း၀၀–၁၁း၄၅ | အဖြေရှာရန်? – ရှေ့ဆက်ပြီး စခန်းများတွင် အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်ဝတ္တရားများနှင့် ဆက်စပ်သည့် နည်းလမ်းများ ရှာဖွေသွားရန် | ပံ့ပိုးမည့်သူ - Astrid & Olivia | အဖွဲ့လိုက် (၆ ဖွဲ့) |
| ၁၁း၄၅–၁၂း၃၀ | အဖွဲ့များမှ တင်ပြခြင်း / အမေး၊ အဖြေ များနှင့် | ပံ့ပိုးမည့်သူ - Astrid & Olivia | အဖွဲ့လိုက်တင်ပြခြင်း/ (၅)မိနစ် |
| ၁၂း၃၀–၁း၃၀ | နေ့လည်စာ သုံးဆောင်ခြင်း | | |
| ၁း၃၀–၄း၃၀ | စခန်းစီမံခန့်ခွဲရေး အေဂျင်စီများနှင့် တာဝန်ခံများ စခန်းများတွင် အသုံးပြုနေသည့် CM forms (ပုံစံများ)၊ - နှိုင်းယှဉ်ခြင်း/ဆွေးနွေးခြင်း/ဝေမျှခြင်း<br>• အိမ်ခြေ<br>• ဝန်ဆောင်မှုများ စောင့်ကြည့်ခြင်း<br>• အစီရင်ခံခြင်း | စခန်းစီမံခန့်ခွဲမှုနှင့် တာဝန်ခံ အဖွဲ့များမှ စာရွက်စာတမ်းများ တင်ပြခြင်း<br>ပံ့ပိုးမည့်သူ - Astrid | မျက်နှာစုံညီ / အဖွဲ့လိုက်<br><br>အဖွဲ့တိုင်းမှ မိနစ် ၂၀ စာ တင်ပြရန် |
| ၁၆း၀၀ | နိဂုံးချုပ်စကား ပြောကြားခြင်း | | |